


VOLUME I, SPECIAL ISSUE 8 27 April 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား | ၁ |
| ၂ | ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားချက် | ၃ |
| ၃ | လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် နိုင်ငံခြားရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ ထွက်ခွာမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်မှ ကောက်နုတ်ချက်များ | ၁၇ |

# Information Sheet

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television (CCTV)သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ဧပြီလ ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးရုံးညှိခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့်တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက-**

- ယေဘုယျအနေဖြင့် ခြုံငုံကြည့်ပါက စွမ်းအင်ကဏ္ဍနှင့် စီးပွားရေးကဏ္ဍများသည် ဆက်စပ်ပြီး မြန်မာနိုင်ငံတွင် သိသိသာသာဖွံ့ဖြိုးတိုးတက်မှုအချို့ ရှိနေကြောင်း။
- ရုရှား-ယူကရိန်းပဋိပက္ခမှ အစပျိုးခဲ့သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများသည် ကမ္ဘာတွင်ယနေ့အခါ သိသိသာသာတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင်းအခြေအနေမှာ အခြေခံအဆောက်အဦများမဖွံ့ဖြိုးခြင်း၊ မကြာခင်က မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်း၊ ဘဏ္ဍာရေးပြဿနာများနှင့် အကြမ်းဖက်သမားများက ဓာတ်အားလိုင်းအချို့ကို ဖျက်ဆီးမှုများကြောင့် မြန်မာပြည်သူများကို ဆိုးကျိုးသက်ရောက်မှုများရှိခဲ့ကြောင်း။
- အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအသစ်များ မကြာမီက ထုတ်ပြန်ခဲ့ကြကြောင်းနှင့် နိုင်ငံခြားရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီအချို့ မြန်မာပြည်မှထွက်ခွာမှုများကိုလည်း မီဒီယာတော်တော်များများတွင် ဖော်ပြမှုများရှိခဲ့ကြောင်း ပြောကြားခဲ့။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-**

- ယခုရက်ပိုင်း မီဒီယာများစိတ်ဝင်စားနေသည့် မြန်မာနိုင်ငံ၏ ငွေလဲနှုန်းနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း။
- ယခုအစိုးရလက်ထက်တွင် ယခင့်ယခင်အစိုးရများနှင့်မတူသည့် စိန်ခေါ်မှုများစွာရှိပြီး စီးပွားရေးပိတ်ဆို့မှုများရှိသလို အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မတည်ငြိမ်မှုများရှိသဖြင့် ထိုအရာများသည် စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်နေကြောင်း။
- လက်ရှိအစိုးရသည် တိုင်းပြည်တွင် လတ်တလောလိုအပ်နေသည့် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးကို အာရုံစိုက်ဆောင်ရွက်နေကြောင်း။
- တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်နေပြီး စွမ်းအင်ကဏ္ဍသည် ဦးစားပေးကဏ္ဍဖြစ်သဖြင့် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့်စီမံကိန်းများ

ကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေသကဲ့သို့ စီမံကိန်းအသစ်များကိုလည်း ထပ်မံဖိတ်ခေါ်နေကြောင်း။

မိမိတို့အစိုးရအနေဖြင့် မည်သို့ပင် အခက်အခဲ စိန်ခေါ်မှုများရှိစေကာမူ ထိုစိန်ခေါ်မှုများကို ဖြတ်ကျော်ကာ မူလရည်ရွယ်ထားသည့်အတိုင်း ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၂)**

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံခြားသတင်းဌာနမှ သတင်းထောက်များ**



**Ms. Elaine Kurtonbach**
**( Associated Press )**



**Mr. Chayut**
**( Reuters )**



**Ms. Elaine Kurtonbach**
**( Associated Press )**



**Mr. Li Bingxin**
**( People's Daily Myanmar Bureau )**



**Mr. Wang Yu**
**( China Central Television )**



**Ms. Kang Wan Chern**
**( The Straits Times )**




**ဒေါ်စန္ဒာစိုး**
**( Xunhua News Agency )**

- **ယေဘုယျအနေဖြင့် ခြုံငုံကြည့်ပါက စွမ်းအင်ကဏ္ဍနှင့် စီးပွားရေးကဏ္ဍများသည် ဆက်စပ်ပြီး မြန်မာနိုင်ငံတွင် သိသိသာသာဖွံ့ဖြိုးတိုးတက်မှုအချို့ရှိနေ။**
- **ရုရှား-ယူကရိန်းပဋိပက္ခမှ အစပျိုးခဲ့သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများသည် ကမ္ဘာတွင်ယနေ့အခါ သိသိသာသာတက်လာသည်ကို တွေ့ရမည်ဖြစ်။**
- **မြန်မာနိုင်ငံတွင်းအခြေအနေမှာ အခြေခံအဆောက်အဦများ မဖွံ့ဖြိုးခြင်း၊ မကြာခင်က မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်း၊ ဘဏ္ဍာရေးပြဿနာများနှင့် အကြမ်းဖက်သမားများက ဓာတ်အားလိုင်းအချို့ကို ဖျက်ဆီးမှုများကြောင့် မြန်မာပြည်သူများကို ဆိုးကျိုး သက်ရောက်မှုများရှိခဲ့။**
- **ယခုအစိုးရလက်ထက်တွင် ယခင့်ယခင်အစိုးရများနှင့်မတူသည့် စိန်ခေါ်မှုများစွာရှိပြီး စီးပွားရေးပိတ်ဆို့မှုများရှိသလို အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မတည်ငြိမ်မှုများရှိသဖြင့် ထိုအရာများသည် စီးပွားရေး အပေါ် သက်ရောက်မှုများဖြစ်ပေါ်နေ။**
- **မိမိတို့အစိုးရအနေဖြင့် မည်သို့ပင်အခက်အခဲစိန်ခေါ်မှုများရှိစေကာမူ ထိုစိန်ခေါ်မှုများကို ဖြတ်ကျော်ကာ မူလရည်ရွယ်ထားသည့်အတိုင်း ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများအားပြန်လည်ဖြေကြားချက်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television (CCTV) သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ဧပြီလ ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးရုံး ညှိနှိုင်းခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့်တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။

Straits Times သတင်းဌာနက ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူအသစ်များ ရှာဖွေနေသည်ဟု သိရှိထားကြောင်း၊ လတ်တလောထုတ်ပြန်ချက်သည် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် မကောင်းကြောင်း၊ ဘာကြောင့် ယခုကဲ့သို့ ထုတ်ပြန်သည်ကို ရှင်းလင်းပြောကြားပေးစေလိုကြောင်း မေးမြန်းချက်ကို-

- **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး**က ပြည်တွင်းကျပ်ငွေလဲလှယ်မှုနှုန်းထား မတည်ငြိမ်ခြင်းကြောင့် အချို့သော စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာသည့်အတွက် ငွေကြေးလဲလှယ်မှုနှုန်းထားတည်ငြိမ်စေရန် အဓိကရည်ရွယ်ချက်ထားပြီး ကနဦးခြေလှမ်းအဖြစ် ဧပြီလ ၄ ရက်က ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်ကြောင်း။
- နိုင်ငံခြားငွေကြေးလဲလှယ်မှု ကြီးကြပ်ရေးကော်မတီကိုလည်း အစိုးရက ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မတီသည် ရက်သတ္တပတ်တစ်ပတ်လျှင် (၃)ကြိမ် အစည်းအဝေးပြုလုပ်ပြီး နိုင်ငံတွင်းငွေကြေးလဲလှယ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် ပြဿနာရပ်များ အဖြေရှာခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအသိုက်အဝန်းများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကြေညာချက်ထုတ်ပြန်အပြီး နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကို အတတ်နိုင်ဆုံးလျှော့ချပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။
- ကော်မတီသည် ပြီးခဲ့သည့်ရက်သတ္တပတ်က အစည်းအဝေး ၃ ကြိမ်ကျင်းပခဲ့ရာ အချို့သောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများကို ဗဟိုဘဏ်ကြေညာချက်မှ ကင်းလွတ်ခွင့်ပြုရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့်အပြင် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကိုလည်း ဗဟိုဘဏ်ကြေညာချက်မှ ကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပြီး နိုင်ငံခြားသံရုံးများ၊ INGOs နှင့် NGOs များကိုလည်း ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း။
- အဆိုပါကြေညာချက်ကြောင့် ဆိုးကျိုးသက်ရောက်မှုအနည်းအများရှိနိုင်သည်ကို သိရှိသည့်အတွက် နေ့စဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး အကောင်းဆုံးဖြေရှင်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလသည် အစပြုပြုပြင်ပြောင်းလဲသည့် ကာလဖြစ်သောကြောင့် အကျိုးဝင်ပါဝင်ကြသူအားလုံးအတွက် အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့။

Straits Times သတင်းဌာနက ကင်းလွတ်ခွင့်သည် ရင်းနှီးမြှုပ်နှံမှု အသစ်ဝင်ရောက်လာသူများအတွက်လား၊ လက်ရှိရင်းနှီးမြှုပ်နှံထားကြသူများရော ပါဝင်ပါသလား၊ ကင်းလွတ်ခွင့်ရရှိရန် လျှောက်ထားရန်လိုပါသလား၊ မည်သို့ဆောင်ရွက်နေပါသလဲဆိုသည့်မေးမြန်းချက်ကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**-

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်နှင့် လက်ရှိရင်းနှီးမြှုပ်နှံကြသူများပါဝင်ကြောင်း၊ အဆိုပါလုပ်ငန်းတို့ကို ဗဟိုဘဏ်ကြေညာချက်ကြောင့် အပိုဆောင်းထိခိုက်မှုမရှိစေရန် အဓိကထားကြောင်း၊ ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အပြန်အလှန်သုံးသပ်မှုများ အမြဲပြုလုပ်နေပြီး တိုးတက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဖြေကြားခဲ့။

Straits Times သတင်းဌာနက ကြေညာချက်သည် အချိန်ကာလတစ်ခုလား အမြဲဆက်လက်တည်ရှိသွားမည်လားဆိုသည့် မေးမြန်းချက်ကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**-

- ဖြစ်ပေါ်တိုးတက်လာသည့် အခြေအနေအပေါ်တွင်မူတည်ကြောင်း၊ ကြေညာချက်သည် ဗဟိုဘဏ်ထုတ်ပြန်ချက်ဖြစ်ပြီး ကင်းလွတ်ခွင့်သည် အစိုးရကဖွဲ့စည်းသည့် ကော်မတီတစ်ရပ်က အခြေအနေအပေါ်မူတည်၍ ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်ကြောင်း၊ မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းထားတည်ငြိမ်မှုအခြေအနေအပေါ်မူတည်ပြီး တားမြစ်မှုများရုတ်သိမ်းနိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့။

ငွေကြေးလဲလှယ်မှုနှုန်းထားတည်ငြိမ်ရေးနှင့် စပ်လျဉ်းသည့်မေးမြန်းချက်ကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-**

- ငွေကြေးလဲလှယ်မှုနှုန်းထား မတည်ငြိမ်သည့်အခြေအနေကိုကြည့်လျှင် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တစ်ဒေါ်လာကို ၁၃၅၀ ကျပ်နှုန်းထားရှိခဲ့ကြောင်း၊ သို့သော် ပြီးခဲ့သည့်လက ၂၀၀၀-၂၀၅၀ ကျပ်အထိ ဖြစ်ခဲ့သဖြင့် ယင်းကိုကြည့်လျှင် ငွေကြေးလဲလှယ်မှုနှုန်းထားအလွန်အမင်း ပြောင်းလဲသွားသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးလဲလှယ်မှုနှုန်းထားတည်ငြိမ်မှုရှိစေရန် အဆိုပါကြေညာချက်ကို ဗဟိုဘဏ်က ထုတ်ပြန်ရခြင်းဖြစ်ကြောင်းဖြေကြားခဲ့။

AP သတင်းဌာနက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတချို့၏ ဖက်စပ်လုပ်ငန်းများမှနုတ်ထွက်ခြင်းကြောင့် သဘာဝဓာတ်ငွေ့ သို့မဟုတ် လောင်စာဆီ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပါသလား။ ဖြစ်ပေါ်နေသည့်ပြဿနာက ဘယ်လောက်ထိ သိသာနေပါသလဲ။ ယင်းအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုးတက်အောင် မည်သို့ဆောင်ရွက်ပေးနေပါသလဲ မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက-**

- မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအချို့၏ ဖက်စပ်လုပ်ငန်းများမှ နုတ်ထွက်ခြင်းကြောင့် လက်ရှိတွင် သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ လူမှုကွန်ရက်မီဒီယာများတွင်ပျံ့နှံ့နေသည့် သီလဝါဆီသိုလှောင်ကန်စခန်းများအတွင်း စက်သုံးဆီများ လက်ကျန်လျော့နည်းနေသည်ဆိုသည်မှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း။
- ပြည်တွင်းတွင် ဓာတ်ဆီအနေနှင့် ဆီလက်ကျန် ဂါလန်သန်းပေါင်း ၄၅ သန်းခန့်နှင့် ဒီဇယ်ဂါလန်သန်းပေါင်း ၇၀ ခန့်ရှိကြောင်း၊ သင်္ကြန်ပိတ်ရက်အတွင်း ဆီမချရသေးသည့် သင်္ဘောနှစ်စင်းလည်းရှိသောကြောင့် ပြည်တွင်းဆီပြတ်လပ်မှုဖြစ်ပေါ်နိုင်စရာ လုံးဝမဖြစ်နိုင်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လစ်လပ်လျက်ရှိသော ကုန်းပိုင်းလုပ်ကွက် ၂၁ ကွက်နှင့် ကမ်းလွန်လုပ်ကွက် ၂၁ ကွက်တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးမြင့်မားသည့် ပြည်တွင်း/ပြည်ပ ရေနံကုမ္ပဏီများဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract-PSC)ချုပ်ဆို၍ ဆောင်ရွက်နိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိကြောင်း။
- ကမ်းလွန်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်များချုပ်ဆိုဆောင်ရွက်ရာတွင် ရတနာစီမံကိန်း၊ ရဲတံခွန်စီမံကိန်း၊ ရွှေစီမံကိန်း၊ ဇောတိကစီမံကိန်းစသည့် စီမံကိန်းကြီးလေးခုရှိပြီး ရတနာသဘာဝဓာတ်ငွေ့မြေမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဓာတ်ငွေ့ ကုဗပေ ၂၁,၉၉၀.၉၀ သန်း ထွက်ရှိခဲ့ကြောင်း။
- Partial Shuttdown ကာလအတွင်း ပြည်တွင်းနှင့်ပြည်ပသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်အတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု/ပို့လွှတ်မှုများကို ခေတ္တရပ်ဆိုင်းထားခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံသို့ ပုံမှန်ပြန်လည်ပို့လွှတ်ပေးလျက်ရှိကြောင်း။
- ရဲတံခွန်သဘာဝဓာတ်ငွေ့မြေမှ ထိုင်းနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်မှစ၍ ၂၄ လက်မ ပိုက်လိုင်းဖြင့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရခိုင်ကမ်းလွန်လုပ်ကွက်ဖြစ်သော ရွှေစီမံကိန်းမှ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း၍ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ တင်ပို့လျက်ရှိရာ လုပ်ငန်းပြီးစီးမည့်နေ့သည် ၂၀၄၃ ခုနှစ် ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဓာတ်ငွေ့ကုဗပေ ၁၆,၀၉၂ ဒသမ ၉၉ သန်း ထွက်ရှိခဲ့ကြောင်း။
- မုတ္တမကမ်းလွန်လုပ်ကွက်ဖြစ်သော ဇောတိကစီမံကိန်းမှလည်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှစ၍ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့စတင်ပို့လွှတ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဓာတ်ငွေ့ကုဗပေ ၉,၁၄၀ ဒသမ ၈၈ သန်း ထွက်ရှိပေးပို့ခဲ့ကြောင်း။
- UNFCC ၏ ဆုံးဖြတ်ချက်နှင့် ပါရီသဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံသည် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် NDC တွင် နိုင်ငံ၏စွမ်းဆောင်ရည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်အရ နိုင်ငံတကာအထောက်အပံ့များရရှိပါက ဆောင်ရွက်မည့်ရည်မှန်းချက် (၂) ရပ်ဖြင့် နိုင်ငံတွင်းဓာတ်ငွေ့ထုတ်လုပ်မှုလျော့ချရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရည်မှန်းချက်အနေဖြင့် BAU ပမာဏမှ ၂၀၃၀ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်တန် ၁၀၅ ဒသမ ၂၄ သန်း လျော့ချသွားမည်ဖြစ်ကြောင်း။

- မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် ရေမြေတော တောင်သဘာဝအရ ပြည့်ဖြိုးမြဲစွမ်းအင်များ ပေါများသည့် အတွက် ပြည်ပနည်းပညာအကူအညီများရယူ၍ ရေတို/ ရေရှည်စီမံကိန်းများပြီးစီးပါက ပြည်တွင်းတွင် သဘာဝ ဓာတ်ငွေ့နှင့် လောင်စာဆီပြတ်လပ်မှုအခက်အခဲများရှိလာ တော့မည်မဟုတ်ကြောင်းဖြေကြားခဲ့။

AP သတင်းဌာနက ဖင်လန်ကုမ္ပဏီနှင့် သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ခု တည်ဆောက်ရေးစီမံကိန်းစာချုပ်ချုပ်ဆိုသည့် သတင်းမှန်၊ မမှန်နှင့် တရုတ်နိုင်ငံနှင့် စွမ်းအင်ဆိုင်ရာစီမံကိန်းများနှင့်စပ်လျဉ်းသည့် မေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက–**

- နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အမြောက်အများရှိကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနက အဆိုပါစီမံကိန်းများကို အတည်ပြုစာချုပ်ချုပ်ဆို ထားခြင်းဖြစ်ကြောင်း၊ စီမံကိန်းအများစုမှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မှုစီမံကိန်း စုစုပေါင်း ၁၃ ခု ရှိကြောင်း။
- ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ယခုအချိန်၌ မြန်မာ နိုင်ငံတွင် လျှပ်စစ်မီးအလုံအလောက်ရရှိရေးအတွက် အလယ် အလတ်အဆင့် ရေအားလျှပ်စစ်စီမံကိန်းများဆောင်ရွက် သွားရန်ရှိကြောင်း။
- ပြီးခဲ့သည့် အစိုးရအဆက်ဆက်တွင် စီမံကိန်းတချို့ကို တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက အဆိုတင်သွင်းခဲ့ သော်လည်း ဆွေးနွေးမှုများဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး အစိုးရ၏အတည်ပြုချက်မရရှိသေးသည့် အနေအထားမှာ ပင်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံ ကိန်းများဆောင်ရွက်ရန် မကြာမီအတည်ပြုချက်များရရှိ လာမည်ဟုမျှော်လင့်ကြောင်း ဖြေကြားခဲ့။

LNG projects နှင့် energy companies များ ထွက်ခွာမှုတို့နှင့်စပ်လျဉ်းသည့်မေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက–**

- ဈေးနှုန်းအဆမတန် မြင့်မားလာမှုကြောင့် LNG စီမံကိန်း များရပ်ဆိုင်းသည်မှာမှန်ကန်ကြောင်း၊ စီးပွားရေးတွက် ခြေကိုက်မှုမရှိသည့်အတွက် လွန်ခဲ့သည့်လအနည်းငယ်ခန့် ကပင် ရပ်ဆိုင်းထားခဲ့သော်လည်း ကုမ္ပဏီတစ်ခုက LNG project ရင်းနှီးမြှုပ်နှံမှုတစ်ခု MIC သို့ ကမ်းလှမ်းတင်ပြ ထားသဖြင့် MIC က မကြာမီအတည်ပြုမည်ဟု မျှော်လင့် ရကြောင်း။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းအတွက် လိုအပ်သည့်လျှပ် စစ်စွမ်းအင်ကို Liquefied Natural Gas–LNG မှ အဓိက ရယူမည်ဖြစ်ပြီး စီမံကိန်းများဆက်လက်ဆောင်ရွက်ရန် ရှိကြောင်း၊ ဈေးနှုန်းများကျဆင်းလာပါက ရပ်ဆိုင်းထား သည့် LNG စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ ပြန်လည် စတင်မည်ဖြစ်ကြောင်း။
- Petronas စသည့် စွမ်းအင်ကုမ္ပဏီများ ပြန်လည်ထွက်ခွာ သွားခြင်းနှင့်ပတ်သက်ပြီး ပြဿနာအကြီးအကျယ်မရှိဘဲ စာချုပ်ပါစည်းမျဉ်းများအရ ကျန်သည့်အစုရှယ်ယာရှင်များ ကနေရာဝင်ယူ၍ လုပ်ငန်းများဆက်လက်လည်ပတ်သွား မည်ဖြစ်သောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း များဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြန်လည်ဖြေ ကြားခဲ့။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံစီမံကိန်းဆက်လက်ဆောင်ရွက်နေခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက–**

- ဧရာဝတီတိုင်းဒေသကြီး မီးလင်းချိုင်တွင် အဆိုပါစီမံကိန်း ဆောင်ရွက်ရန် MIC အတည်ပြုခွင့်ပြုချက်ရှိပြီးဖြစ်၍ လုပ် ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆို ပါစီမံကိန်းသည် အကြီးစားစွမ်းအင်စီမံကိန်းတစ်ခုဖြစ် ကြောင်း ဖြေကြားခဲ့။
- ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံမှ ထွက်သွားသည့် ရေနံကုမ္ပဏီများနှင့်ပတ်သက်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီသုံးခုရှိကြောင်း၊ ထိုသို့ထွက်သွား ရသည့်အကြောင်းရင်းမှာ လုပ်ငန်းများပြီးဆုံးပြီး ရှာဖွေမှု တွက်ခြေမကိုက်မှု၊ လက်ရှိအစိုးရအပေါ် မကျေနပ်မှုနှင့် ပြင်ပဖိအားပေးခြင်းခံရမှုများကြောင့် ဖြစ်နိုင်ကြောင်း။
- အဓိကအားဖြင့် ၎င်းတို့ဆောင်ရွက်နေသည့် လုပ်ကွက်များ တွင် သဘာဝဓာတ်ငွေ့များထုတ်လုပ်မှုကျဆင်းလာပြီး နှစ် အနည်းငယ်တွင် ထုတ်လုပ်မှုများပိုမိုကျဆင်းတော့မည် ဖြစ်သည့်အတွက် ထွက်သွားလိုခြင်းဖြစ်နိုင်ကြောင်း။
- လူ့အခွင့်အရေးသည် အကြောင်းပြချက်သာဖြစ်ပြီး အကျိုး အမြတ်ကျတော့မည်၊ ကန်ထရိုက်သက်တမ်းကုန်တော့မည် ဖြစ်သည့်အတွက် ထွက်သွားခြင်းသာဖြစ်ကြောင်း၊ မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရာခိုင်နှုန်းအနည်းငယ် လောက်သာ ထွက်ခွာသွားခြင်းဖြစ်သည့်အတွက် စွမ်းအင် ကဏ္ဍရင်းနှီးမြှုပ်နှံမှုတွင် ကြီးမားသည့်သက်ရောက်မှုနှင့် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း။

- ယခုထွက်သွားသည့် ရေနံလုပ်ကွက်များကိုလည်း ထိုင်းနိုင်ငံ PTT(EPI)ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံ POSCO တို့က လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။
- ရှေ့ဆက် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ထိုင်းနိုင်ငံကုမ္ပဏီမှ မဟုတ်ဘဲ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေမည့် မည်သည့်နိုင်ငံမှ ကုမ္ပဏီနှင့်မဆို မိမိတို့အနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့။

Reuters သတင်းဌာန၏ ငွေလဲလှယ်နှုန်းထားကြေညာချက်မှ ကင်းလွတ်ခွင့်ရရှိခြင်း ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**–

- မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ထိုင်း၊ စင်္ကာပူနှင့် ဂျပန်သံရုံးများအပြင် အမေရိကန်နှင့် အချို့သောအနောက်နိုင်ငံသံရုံးများက ၎င်းတို့နိုင်ငံမှ ကုမ္ပဏီများအတွက် ကြေညာချက်မှ ကင်းလွတ်ခွင့်တောင်းဆိုခဲ့ကြ၍ နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေးကော်မတီက အစည်းအဝေးကျင်းပကာ ဆုံးဖြတ်ချက်သုံးရပ်ချမှတ်ခဲ့ကြောင်း။
- မြန်မာနိုင်ငံရှိ သံရုံးများအားလုံးနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံး ကင်းလွတ်ခွင့်ရရှိခြင်း၊ ဒုတိယအနေဖြင့် အထူးစီးပွားရေးဇုန်များတွင် ယင်းနိုင်ငံတို့မှ ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါက ကင်းလွတ်ခွင့်ရရှိခြင်းနှင့် တတိယ MIC ခွင့်ပြုထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားလုံး ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုလားသည့်အတွက် ရင်းနှီးမြှုပ်နှံကြသည့်လုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိစေလိုသောကြောင့် MIC ခွင့်ပြုချက်ရရှိထားသည့် လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းများ ကင်းလွတ်ခွင့်ရရှိကြမည်ဖြစ်ပြီး အထူးစီးပွားရေးဇုန်မှာ သီလဝါဖြစ်ကြောင်း ဖြေကြားခဲ့။

လျှပ်စစ်ဓာတ်အားလျှော့နည်းရခြင်းသည် LNG ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်ခြင်းနှင့် မဟာဓာတ်အားတိုင်များ အကြမ်းဖက်သမားတို့၏ ဖြိုလှဲခံရခြင်းကြောင့်လား၊ မည်သို့အရေးယူဆောင်ရွက်သည်ကို သိရှိလိုကြောင်း မေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**–

- LNG ဓာတ်ငွေ့ဈေးနှုန်းမြင့်မားခြင်းသည် အကြောင်းရင်းများမှာ အချို့သော LNG စက်ရုံများ ရပ်ဆိုင်းထားရခြင်းနှင့် ဓာတ်အားတိုင်ကြီးများ ဖြိုလှဲခံရခြင်းကြောင့်ဖြစ်ပြီး အစိုးရက ဓာတ်အားတိုင်များကို ပြန်လည်ပြုပြင်နေရဆဲဖြစ်ကြောင်း။
- တစ်ဖက်တွင်လည်း အခြားစွမ်းအင်ရရှိရာ နည်းလမ်းတစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုများ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ဓာတ်ငွေ့ရယူနိုင်မည့်နည်းလမ်းများကိုလည်း ရှာဖွေဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားခဲ့။

ငွေကြေးလဲလှယ်မှုနှုန်းထားနှင့် ပြည်ပပို့ကုန်လုပ်ငန်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက** –

- ပြည်ပပို့ကုန်လုပ်ငန်းရှင်များအနေနှင့် လုပ်ငန်းလိုအပ်ချက် နိုင်ငံခြားငွေ FE နှင့် မြန်မာကျပ်ငွေလဲလှယ်မှု၊ ဘဏ်များမှ မြန်မာကျပ်ငွေထုတ်ယူမှုတို့တွင် အခက်အခဲရှိကြကြောင်း၊ ငွေကြေးလဲလှယ်မှုနှုန်းထားမတည်ငြိမ်မှုကြောင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ရန် အခက်အခဲများရှိကြသည့်အတွက် ဗဟိုဘဏ်က နှုန်းထားတစ်ခုသတ်မှတ်ပြီး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးရခြင်းဖြစ်သော်လည်း ပို့ကုန်လုပ်ငန်းရှင်တချို့၏ ဝေဖန်ပြောဆိုမှုများလည်းရှိကြောင်း။
- ထို့ကြောင့် တစ်ပတ်လျှင် သုံးကြိမ်အစည်းအဝေးကျင်းပပြီး ပြန်လှန်သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးရွားစွာ ထိခိုက်နစ်နာမှုများမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် standard operating procedures–SOP တစ်ရပ် ယခုသီတင်းပတ်အတွင်း ထွက်ရှိလာမည်ဖြစ်ကြောင်း၊ SOP ထွက်ရှိလာပါက ၎င်းတို့၏လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

လျှပ်စစ်မီးနှင့်ပတ်သက်၍ **ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက**–

- မြန်မာနိုင်ငံတွင်လူဦးရေ သန်း ၆၀ ခန့်ရှိပြီး ရန်ကုန်မြို့တွင် ၆ သန်းကျော်ရှိကြောင်း၊ အခြားမြို့များနှင့်ခွဲဝေပြီး အလှည့်ကျပေးရသည့်အတွက် မီးပြတ်ခြင်းဖြစ်သလို PDF များက ရေအားလျှပ်စစ်စက်ရုံများကို ဖျက်ဆီးမှုများကြောင့်လည်းဖြစ်ကြောင်း၊ ယင်းတို့ကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။
- နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကိုလည်း မဂ္ဂါဝပ် ၄၀ ထွက်ရှိမည့် လက်ပန်လှစီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထွက်ရှိမည့် ညောင်ပင်ကြီးစီမံကိန်းများကိုလည်း

ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများမှာ တစ်ဝက်ကျော် ပြီးစီးနေပြီဖြစ်ကြောင်း။

- နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစီမံကိန်း ၁၈ ခုကို လည်း တင်ဒါစနစ်ဖြင့် ခေါ်ယူပြီးဆောင်ရွက်လျက်ရှိ ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ် နိုင်ငံလုံးဓာတ်အားရရှိရန် စီမံကိန်းများဖြင့် ဆောင်ရွက် လျက်ရှိပြီး ထိုသို့စီမံဆောင်ရွက်လျက်ရှိရာ ဓာတ်အားထုတ် လုပ်မှု ၉ ရာခိုင်နှုန်းကို နေစွမ်းအင်စနစ်ဖြင့် စီမံဆောင်ရွက် နေကြောင်း၊ လေစွမ်းအင်ဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်မှ ဓာတ်အားထုတ်လုပ်နိုင်ရန် ရည်မှန်းထား ကြောင်း။
- ထိုရည်မှန်းချက်ပြည့်မီရန် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း ၁၃ ခု ကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း။
- အလားတူ မဂ္ဂါဝပ် ၃၉၀ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံ ကိန်းသုံးခုကိုလည်း ထပ်မံအကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံအနှံ့ဖြစ်နိုင်သည့်နေရာ များတွင် Floating Solar စီမံကိန်း၊ Rooftop Solar စီမံ ကိန်းများနှင့် အသေးစားအလတ်စားရေအားလျှပ်စစ်စီမံ ကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အထူးကြိုးပမ်း ဆောင်ရွက်နေကြောင်း။
- လက်ရှိထုတ်လုပ်နေသည့် နိုင်ငံတော်၏ဓာတ်အားလိုအပ် ချက်များတွင် အလယ်ပေါင်းလောင်း ၁၅၂ မဂ္ဂါဝပ်၊ အထက် ရဲရွာမှ ၂၈၀ မဂ္ဂါဝပ်၊ သူ့ဌေးရေအားလျှပ်စစ်မှ ၁၁၁ မဂ္ဂါဝပ်၊ အထက်ကျိုင်းတောင်းမှ ၅၁ မဂ္ဂါဝပ်၊ နပင်မှ ၆ မဂ္ဂါဝပ် စသည့် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက် နေသကဲ့သို့ လက်ရှိရှိပြီးစီမံကိန်းများကိုလည်း တွန်းအား ပေးဆောင်ရွက်လျက်ရှိကြောင်းဖြေကြားခဲ့။

China Central Television (CCTV) သတင်းဌာန၏ ဧပြီလ ၁၇ ရက်တွင် နိုင်ငံတကာလေကြောင်းလိုင်းများ မြန်မာ နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အဓိကဦးတည်ချက်အဖြစ် ဆောင်ရွက်သွားမည့်လက္ခဏာတစ် ရပ်ဖြစ်ပါသလားမေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက-**

- ပြည်တွင်း ခရီးသွားလုပ်ငန်းကို ပထမအဆင့်အနေဖြင့် စတင် ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ နိုင်ငံတကာခရီးသွားလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ၊ ပြည် ဝင်ခွင့်လိုအပ်ချက်များနှင့်အညီ သတ်မှတ်စည်းကမ်းများ ဖြင့် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း။
- ခရီးသွားလုပ်ငန်းသည် တိုင်းပြည်အတွက် နိုင်ငံခြားဝင် ငွေရရှိပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည့် အပြင် အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို သိသိသာသာ ထိန်းချုပ် လာနိုင်ပြီဖြစ်ပြီး ခရီးသွားလုပ်ငန်းကို စနစ်တကျပြန်လည် စတင်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများပေါင်းစပ်၍ ယခင် ကတည်းက ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ယခုတွင်လည်း နိုင်ငံတကာခရီးသွားများရောက်ရှိအောင် ကြိုတင်ပြင်ဆင် ပြီးဖြစ်ကြောင်း။
- ခရီးသွားဧည့်သည်များမှတစ်ဆင့် ကူးစက်ရောဂါမပြန့် ပွားရေးအတွက် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့်အချိန် မတိုင်မီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်း ကြောင်းစသည့်ဓာတ်ခွဲအဖြေနှင့် မြန်မာ့အာမခံလုပ်ငန်း ထံမှ ကျန်းမာရေးအာမခံဝယ်ယူထားကြောင်းအစရှိသည့် အခြေခံအထောက်အထားများပါရှိရန်နှင့် လေဆိပ်အတွင်း ၌လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများက လိုအပ်သည် များကို စိစစ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ရန်ကုန်မြို့၌ ဒေသအဆင့် HSP အသိအမှတ်ပြုလက်မှတ်ရ Quarantine Hotel ၆၇ လုံးဖြင့် လက်ခံဆောင်ရွက်ပေး နေကြောင်း၊ ခရီးသွားကဏ္ဍသည် မိမိတို့ နိုင်ငံအတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ အိမ်နီးနား ချင်းဖြစ်သည့် တရုတ်နိုင်ငံကိုလည်း နွေးထွေးစွာ အလေး အနက်ထားဖိတ်ကြားလိုကြောင်း။
- မန္တလေးတွင်ရှိသည့် ကောင်စစ်ဝန်ချုပ်နှင့်လည်းညှိနှိုင်းပြီး Tour ခရီးစဉ်များ ထိထိရောက်ရောက်လာရန်အတွက် အစက တည်းက ကြိုတင်စီမံထားပြီးဖြစ်ကြောင်း။
- မိမိတို့နိုင်ငံသည် အချို့နေရာများတွင် မတည်မငြိမ်ဖြစ် သော်ငြားလည်း အဓိကခရီးစဉ်ရှိသည့်နေရာများတွင် လုံခြုံ မှုအပြည့်အဝရှိပြီး ရပ်နားခဲ့သည့် နှစ်နှစ်ကျော်ကာလ အတွင်း ပြင်ဆင်ထားသည့်အတွက် ယနေ့ရှုခင်းအသစ် များ၊ ကျန်းမာရေးအပြည့်အဝဆောင်ရွက်ထားမှုများနှင့် အတူ ခရီးသွားလုပ်ငန်းကို များစွာပြင်ဆင်ထားရှိကြောင်း။

- ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံအားလုံးကို ဖိတ်ခေါ်ထားသကဲ့သို့ အထူးသဖြင့် အိမ်နီးနားချင်းဖြစ်သည့် တရုတ်နိုင်ငံကို အလေးထားဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့။

China Central Television (CCTV) သတင်းဌာန၏ ခရီးသွားလုပ်ငန်းမှလွဲ၍ မြန်မာနိုင်ငံသည် အနာဂတ်တွင် စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအတွက် မည်သည့်စီးပွားရေးလုပ်ငန်းများကို အဓိကဦးတည်၍ ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-**

- မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏စီးပွားရေးပြန်လည်ဦးမော့ရေး စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာရေးအတွက် စွမ်းအင်နှင့်ပတ်သက်သည့် ရေနံထုတ်လုပ်မှု၊ ရေနံချက်လုပ်မှု၊ ဓာတ်မြေဩဇာထုတ်လုပ်မှုစသည့်လုပ်ငန်းများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်နေကြောင်း၊ ဒုတိယတစ်ခုအနေဖြင့် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍတွင် လျှပ်စစ်ဓာတ်အားပြည့်စုံ လုံလောက်စွာပေးနိုင်ရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း။
- ပြည်တွင်းတွင်ရှိသည့် အခြေခံအဆောက်အဦလုပ်ငန်းများအတွက် လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်မှုကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားရေးအတွက် ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ကြိုဆိုဖိတ်ခေါ်ကြောင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့်ဆက်စပ်၍ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍကို တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သည့်အတွက် အလားအလာများစွာ ကောင်းမွန်ကြောင်း။
- တိုင်းပြည်၏ စီးပွားရေးနာလန်ထူလာရေးအတွက် လိုအပ်သည့်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ပတ်သက်သည့်လုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အရေးအကြီးဆုံးရင်းနှီးမြှုပ်နှံမှုလုပ်သည့်နိုင်ငံဖြစ်ပြီး တိုင်းပြည်၏ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၂၇ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံက ဖြစ်ကြောင်း။
- မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကဏ္ဍများတွင် တရုတ်နိုင်ငံဘက်မှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့။

China Central Television(CCTV) သတင်းဌာန၏ ဧပြီလ ၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သောအမိန့်ကြော်ငြာချက်အရ၊ ဘဏ်စာရင်းအသီးသီးရှိ နိုင်ငံခြားသုံးငွေများအား တရားဝင်ငွေလဲနှုန်းဖြင့် ကျပ်ငွေအဖြစ် လဲလှယ်ရောင်းချရမည်ဟု ညွှန်ကြားခဲ့ပြီး မြန်မာမီဒီယာများ၏ သတင်းတင်ပြချက်များအရ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် ယင်းတို့၏လုပ်ငန်းများ ဂယက်ရိုက်သွားသည်ဟုဆိုကြရာ မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဤအမိန့်ကြော်ငြာချက်၏ ဆိုးကျိုးသက်ရောက်မှုအပေါ် မည်သို့သုံးသပ်အကဲဖြတ်ပါသလဲဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်သည့်အမိန့်ကြော်ငြာစာသည် မိမိတို့ တိုင်းပြည်၏ မြန်မာကျပ်ငွေ တည်ငြိမ်မှုအတွက် ဦးတည်ပြီးထုတ်လိုက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်ပြီးတာဝန်ယူစဉ်ကတည်းက အမေရိကန်တစ်ဒေါ်လာ၏ ငွေလဲနှုန်းသည် ငွေကျပ် ၁၃၅၀ ဖြစ်ကြောင်း။
- ယခုနောက်ပိုင်းတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ပြည်တွင်းစီးပွားရေးတွင် ကမောက်ကမဖြစ်အောင် ပြုလုပ်ခဲ့ပြီး ကျပ်ငွေတန်ဖိုးကျဆင်းအောင် နည်းလမ်းပေါင်းစုံကြိုးစားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအမိန့်မထုတ်ခင် ပြီးခဲ့သည့်လတွင် မြန်မာကျပ်ငွေသည် တစ်ဒေါ်လာကို ကျပ်ငွေ ၂၁၀၀ အထိ တန်ဖိုးကျသွားခဲ့ပြီး ထိုကဲ့သို့ ကျပ်ငွေကျဆင်းသွားခြင်းသည် ပြည်တွင်းစီးပွားရေးကို ပို၍ကမောက်ကမဖြစ်စေကြောင်း။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်သည့်အမိန့်သည် ကျပ်ငွေတန်ဖိုးကျနေမှုကို ဟန့်တားနိုင်ရန်အတွက် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်ထဲမှ ထိန်းချုပ်လိုက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်လိုက်ခြင်းဖြင့် လတ်တလောကာလတွင် မျိုးစုံထိခိုက်မှုများရှိနိုင်သော်လည်း ရေရှည်ကိုသွားမည်ဆိုပါက အားလုံးအတွက်ကောင်းသည့် အစီအစဉ်တစ်ခုဟုပြောလိုကြောင်း။
- မည်သို့ပင်ဖြစ်စေ မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဆိုးကျိုးသက်ရောက်မှုများ နည်းပါးစေရေးအတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားပြီး ယင်းကော်မတီက နိုင်ငံခြားသုံးငွေနှင့်ပတ်သက်၍ ဆိုးကျိုးများ

လျော့နည်းသွားကာ စီးပွားရေးကဏ္ဍအဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ပေးနေကြောင်းဖြေကြားခဲ့။

China Central Television (CCTV) သတင်းဌာန၏ မြန်မာ့နှစ်ကူးသင်္ကြန်ပွဲတော်နီးကပ်လာသည့်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းတွင် မကြာခဏပေါက်ကွဲမှု၊ ပစ်ခတ်မှုနှင့် မီးရှို့ဖျက်ဆီးမှုများဖြစ်ပွားလျက်ရှိရာ သက်ဆိုင်ရာ အာဏာပိုင်ဌာနများအနေဖြင့် လုံခြုံရေးမြှင့်တင်ရေးအတွက် မည်ကဲ့သို့လုပ်ဆောင်မည်၊ လုံခြုံရေးအခြေအနေယိုယွင်းမှုသည် လာမည့်နှစ်၌ ကျင်းပမည့်အထွေထွေရွေးကောက်ပွဲအပေါ် သက်ရောက်မှုရှိနိုင်ပါသလားမေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက-**

- လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်နိုင်နင်းနင်းကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်ဟုပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သက်တမ်းသည် တစ်နှစ်ကျော်ကျော်ဖြစ်လာသည့်အခါတွင် နိုင်ငံ၏တည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများကလည်း အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေကြောင်း၊ ကောင်းမွန်သည့်အနေအထားရလာသည့်အခါတွင် တစ်ဖက်က CRPH နှင့် NUG အဖွဲ့များကလည်း အရှိန်မြှင့်ပြီးဆောင်ရွက်နေကြောင်း။
- ထို့ကြောင့် တချို့သောဒေသများတွင် အကြမ်းဖက်မှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသေးများကို တိုက်ခိုက်ခြင်းများရှိကြောင်း၊ အင်အားနည်းသည့်စခန်းများကို PDF များက တိုက်ပြခြင်းအားဖြင့် ၎င်းတို့ကို ပို၍နာမည်ကြီးအောင်လုပ်သည့်သဘောသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏စခန်းများသည် ဥပဒေစိုးမိုးရေးအရ ထိုက်သင့်သည့်အင်အားဖြင့် ထားရှိထားခြင်းသာဖြစ်ပြီး အမှန်တကယ်တိုက်ခိုက်ရေးစခန်းများ မဟုတ်ကြောင်း၊ ထိုအရာများနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး စီမံကိုင်တွယ်လျက်ရှိကြောင်း။
- နယ်စွန်နယ်ဖျား အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့ ဧရိယာကျယ်ပြန့်သည့် နေရာများတွင်သာဖြစ်ပွားပြီး ကျန်သည့်ဒေသများတွင် ကြီးကြီးမားမားကျယ်ကျယ်ပြန့်ပြန့်မရှိကြောင်း။
- ရွေးကောက်ပွဲနှင့်ပတ်သက်၍ လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန်အတွက် တစ်ကမ္ဘာလုံးကိုကြေညာပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအတွက်လည်း ပြင်ဆင်မှုအမျိုးမျိုး၊ ဥပမာပန်းခင်းစီမံချက်ကဲ့သို့ နိုင်ငံသားအားလုံးမှန်ကန်စွာ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင်ပြုလုပ်ပေးပြီး မိမိတို့နိုင်ငံနှင့်သင့်လျော်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် သွားမည့်လမ်းကြောင်းကို သက်ဆိုင်ရာပါတီများနှင့်တွေ့ဆုံပြီး ရေးဆွဲစီမံလျက်ရှိကြောင်း။
- ရွေးကောက်ပွဲသည် တည်ငြိမ်မှုအပေါ်မူတည်ကြောင်း၊ တည်ငြိမ်မှုမရှိဘဲ ရွေးကောက်ပွဲလုပ်မည်ဆိုပါက ပြည်သူအချင်းချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအချင်းချင်းသော်လည်းကောင်း သွေးချောင်းစီးမှုများ ယခုထက်ပိုမိုများပြားလာနိုင်သည့် ရွေးကောက်ပွဲသဘောသဘာဝရှိကြောင်း၊ ထို့ကြောင့် မိမိတို့သည် အတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။
- စစ်မှန်သောရွေးကောက်ပွဲတစ်ခုဖြစ်ရန်ဆိုပါက နေရာတိုင်းတွင် တည်ငြိမ်ရန်လိုအပ်ကြောင်း၊ မတည်ငြိမ်သည့်နေရာများရှိပါက မှန်ကန်ပြည့်ဝသည့်ရွေးကောက်ပွဲတစ်ခုဖြစ်လာနိုင်သည့်အနေအထား နည်းပါးကြောင်း၊ ထို့ကြောင့် လက်ရှိတွင် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ရည်မှန်းချက်ထားပြီး နိုင်ငံကိုတည်ငြိမ်အောင် ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် အတတ်နိုင်ဆုံး ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေး ဆောင်ရွက်သည့်အခါ ပြည်ပက နိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် နားလည်မှုယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ အထူးသဖြင့် အနောက်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ် အမျိုးမျိုးသောမီဒီယာနည်းလမ်းဖြင့်သော်လည်းကောင်း၊ အခြားကဏ္ဍများဖြင့်သော်လည်းကောင်း သတင်းတု၊ သတင်းမှားများကိုဖော်ပြပြီး မိမိတို့နိုင်ငံကို ကျဉ်းတည်းကျပ်တည်းရောက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။
- အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် အထူးသဖြင့် တရုတ်နိုင်ငံသည် မိမိတို့နိုင်ငံအပေါ် နားလည်မှုနှင့်အတူ အခက်အခဲများဖြစ်ပေါ်လာတိုင်း ကူညီခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံရေးကိစ္စသော်လည်းကောင်း၊ စီးပွားရေးကိစ္စသော်လည်းကောင်း များစွာအထောက်အပံ့ပေးနေသည်ကိုတွေ့ရပြီး ရွေးကောက်ပွဲဖြစ်မြောက်ရန်အတွက် တရုတ်နိုင်ငံကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်စေလိုကြောင်း။
- မှန်ကန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတစ်ခုရောက်အောင်သွားနေကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍

နိုင်နိုင်နင်းနင်းဆောင်ရွက်နေကြောင်း၊ ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ရသည့်ကိစ္စဖြစ်သည့်အတွက် အချိန်အနည်းငယ်ယူရမည်ဟုမြင်မိကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကိုလည်း ပြည်ပနိုင်ငံများအနေဖြင့် နားလည်မှု၊ ယုံကြည်မှုများနှင့်အတူ နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက မျှော်မှန်းထားသည့် ရွေးကောက်ပွဲကိုကျင်းပပြီး ဒီမိုကရေစီနိုင်ငံတော်အသစ်တစ်ခုဆီသို့ မလွဲမသွေရောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့။

People's Daily သတင်းဌာန သတင်းထောက်၏ မြန်မာနိုင်ငံတွင် လတ်တလောလောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိနေပြီး လောင်စာဆီအခက်အခဲကို အချိန်တိုအတွင်း ရေနံချက်စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန်မဖြစ်နိုင်ကြောင်း၊ ပြီးခဲ့သည့် တရုတ်နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr Wang Yi က တရုတ်နှင့်မြန်မာ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း သွယ်တန်းထားရှိမည်ဆိုပါက လျှပ်စစ်ဓာတ်အားမျှဝေပေးရန်ဖြစ်နိုင်သည်ဟု ပြောကြားခဲ့ကြောင်း၊ သို့အတွက် မြန်မာနိုင်ငံအနေဖြင့် ဓာတ်အားပြတ်လပ်မှုကို လျော့ပါးစေရန် ယခုကဲ့သို့အကြံပြုချက်အပေါ် မည်သို့ထင်မြင်ပါသနည်းမေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက–**

- အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အား မျှဝေပေးလိုခြင်းသည် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ပြဿနာရပ်ကိုဖြေရှင်းနိုင်ရန် အလွန်ကောင်းမွန်သည့် အဖြေတစ်ခုဖြစ်ကြောင်း၊ တရုတ်နှင့် မြန်မာနယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်းမှု စီမံကိန်းသည် China–Myanmar Economic Corridor Cooperation ၏အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း။
- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှုစီမံကိန်းများရှိသည်ဟုသိရကြောင်း၊ မြန်မာ–အိန္ဒိယနှစ်နိုင်ငံ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှု စီမံကိန်းဆွေးနွေးပွဲများလည်း ပြုလုပ်လျက်ရှိကြောင်း။
- တရုတ်နိုင်ငံနှင့် စီမံကိန်းဆောင်ရွက်ရန် အဓိကဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားလိုင်းဖြန့်ဝေမှုမှ လျှပ်စစ်ဓာတ်အား လက်ခံရရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် အရင်းအမြစ်လုံလောက်သော်လည်း အဘယ်ကြောင့် စိတ်ဝင်စားမှုမရှိပါသလဲမေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက–**

- မြန်မာနိုင်ငံတွင် အနောက်နိုင်ငံ NGOs များက အထူးသဖြင့် တရုတ်နိုင်ငံအကူအညီဖြင့် တည်ဆောက်မည့်ရေအားလျှပ်စစ်စီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်း၊ အနောက်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပိုမိုဝင်ရောက်မည်ကို ဟန့်တားလိုခြင်းဖြစ်ကြောင်း။
- ပြည်တွင်းအင်အားစုများအနေဖြင့် ရေအားလျှပ်စစ်ထုတ်ယူရာတွင် မြစ်ရေကို တားဆီး၍ ဆည်များတည်ဆောက်ခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိသည်ဟုထင်မြင်နေကြောင်း၊ ရေအားလျှပ်စစ်ဓာတ်ထုတ်ယူမှုမှ အကျိုးကျေးဇူးများစွာရှိသည်ကို သိမြင်နားလည်နိုင်မှုအားနည်းနေကြသဖြင့် ဆန့်ကျင်ကန့်ကွက်မှုများရှိနေကြောင်း။
- ရေအားလျှပ်စစ်မှ စွမ်းအင်အလုံအလောက်ရရှိနိုင်ပြီး မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်မှုအခြေအနေကောင်းများစွာရှိသည်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရကြောင်း၊ အစိုးရအနေဖြင့် ကြားကာလတစ်ခုတွင် တာဝန်ထမ်းဆောင်ရခြင်းဖြစ်သော်လည်း နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိစေရန် အလတ်စားရေတိုရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။
- ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့တွေ့ရသလောက် နိုင်ငံတော်တော်များများတွင် ရေအားလျှပ်စစ်စီမံကိန်းများကို အသုံးပြုကြသော်လည်း မြန်မာနိုင်ငံတွင် ပြည်သူများ၏အနေအထားနှင့် နိုင်ငံရေးနှင့်ဆက်စပ်၍ ရေအားလျှပ်စစ်သည် ယခုကဲ့သို့ ကန့်ကွက်မှုများနှင့် ကြုံတွေ့နေရကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ယခုထက်ထိ ကန့်ကွက်မှုများမရှိသေးဟု ပြောကြားလိုကြောင်း၊ မိမိတို့သည် နိုင်ငံတော်တာဝန်ကို ခေတ္တထိန်းသိမ်းသည့် အစိုးရဖြစ်သည့်အတွက် ရေရှည်စီမံကိန်းများထက် ရေတိုစီမံကိန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။
- ထို့ကြောင့် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍လည်း ရေရှည်လုပ်ရမည့် ရေအားလျှပ်စစ်စီမံကိန်းများထက် ရေတိုဆောင်ရွက်နိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်

သည့်နေရောင်ခြည်စွမ်းအင်သုံးများနှင့်ဆက်စပ်၍ မြန်မာနိုင်ငံ၏လျှပ်စစ်စွမ်းအားကို အတတ်နိုင်ဆုံးပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားခဲ့။

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးပေးနိုင်ရေးအတွက် တရုတ်နိုင်ငံတွင် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ရေပန်းစားကြောင်း၊ ကျေးလက်ဒေသရှိ စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ပြီး ဆင်းရဲမှုပပျောက်ရေးအတွက် အကျိုးရှိနိုင်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အဆိုပါလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအလားအလာကို သိရှိလိုကြောင်းမေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**–

- အစိုးရအနေဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့အတွက် စီမံချက်များထားရှိကြောင်း၊ ရေအားလျှပ်စစ်အပြင် ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်အစရှိသည်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် ၃၀ မဂ္ဂါဝပ်ထက်မပိုသည့် စီမံကိန်းများကို ဗဟိုအစိုးရထံ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ခွင့်ပြုပေးနိုင်ကြောင်း။
- ဝန်ကြီးဌာနအသစ်တစ်ခုဖြစ်သည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပြီး ကျေးလက်ဒေသအတွင်းဆောင်ရွက်သည့်စီမံကိန်းများကို ခွင့်ပြုပေးကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- တရုတ်နိုင်ငံသည် အငယ်စားလျှပ်စစ်စွမ်းအင် ထုတ်လုပ်ခြင်းတွင် နည်းပညာနှင့်လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာအရ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်သဖြင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များကို အဆိုပါစီမံကိန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန်ကြိုဆိုကြောင်း၊ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် မိမိတို့အနေဖြင့် လိုအပ်သည့်ကူညီဆောင်ရွက်မှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းဖြေကြားခဲ့။

ဆင်ဟွာသတင်းဌာန၏ မကြာသေးမီက မြန်မာပြည်က ထွက်သွားသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရာခိုင်နှုန်းမည်မျှရှိကြောင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် မည်သို့သက်ရောက်မှုရှိသည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**–

- မြန်မာပြည်က ထွက်သွားသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီသုံးခုပေါင်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းသည် ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ Total Energies ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်ရှိသည့် မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ ထို့အတူ Chevron ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း၊ Woodside ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုမှာ ၅ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကုမ္ပဏီများထွက်ခွာသွားခြင်းသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် ပြဿနာမရှိကြောင်း။
- အရေးကြီးသည်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် ၂၇ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းကုမ္ပဏီသုံးခုပေါင်း ရင်းနှီးမြှုပ်နှံမှုထက်ပိုများကြောင်း၊ ယင်းကုမ္ပဏီများ ထွက်သွားသော်လည်း စာချုပ်များအရ ယင်းထွက်သွားသည့်နေရာများတွင် အခြားသူများ ပြန်လည်နေရာယူကြမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏလျော့သွားရန်မရှိကြောင်း ဖြေကြားခဲ့။

မီးလင်းချိုင်စီမံကိန်းလက်ရှိအခြေအနေနှင့် ယင်းစီမံကိန်းက မြန်မာလူမှုစီးပွားဘဝအတွက် မည်သို့အကျိုးစီးပွားများဖော်ဆောင်ပေးနိုင်မည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**–

- မီးလင်းချိုင်စီမံကိန်းသည် မိမိတို့တိုင်းပြည်အတွက် လိုအပ်သည့်စီမံကိန်းတစ်ခုဖြစ်ပြီး ယင်းစီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပြင် မီးလင်းချိုင်မှ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအထိ ဓာတ်အားဖြန့်ဖြူးပေးမည့် မဂ္ဂါဝပ် ၅၀၀ Transmission လိုင်းဆွဲပေးရန်ရှိကြောင်း။
- မဂ္ဂါဝပ် ၁၉၀၀ ခန့် ထုတ်ပေးနိုင်မည်ဖြစ်သည့်အတွက် ကြီးမားသည့်စီမံကိန်းဖြစ်ပြီး တိုင်းပြည်အတွက်လိုအပ်သည့်လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်ကဏ္ဍတွင်ရှိသည့် အခြေခံအဆောက်အအုံလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့။

ဆင်ဟွာသတင်းဌာန သတင်းထောက်၏ လက်ရှိတွင် အာရှနိုင်ငံများ၏ စီးပွားရေးအကျပ်အတည်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက**–

- အာရှနိုင်ငံများ အထူးသဖြင့် အာဆီယံနိုင်ငံများသည် ကိုဗစ်–၁၉ ကပ်ရောဂါ ဘေးတွေ့ကြုံနေကြရသည့်အတွက် စီးပွားရေးအပေါ် ဆိုးကျိုးရိုက်ခတ်မှုများရှိကြောင်း၊ ဒုတိယအချက်အနေဖြင့် ရုရှား–ယူကရိန်း အရေးကိစ္စသည်လည်း ရိုက်ခတ်မှုဖြစ်ပြီး တတိယအနေဖြင့် geopolitical issues

ဖြစ်သည့် တောင်တရုတ်ပင်လယ်တွင်း အရေးကိစ္စများဖြစ်ကြောင်း။

- မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းလွတ်စပြုလာပြီဖြစ်သော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို အပိုဆောင်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ရုရှား-ယူကရိန်းဖြစ်ရပ်မှ တိုက်ရိုက်ရိုက်ခတ်မှုမရှိသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုသည် သွယ်ဝိုက်ရိုက်ခတ်မှုဖြစ်ကြောင်း။
- ကမ္ဘာ့အဝန်းအစားအသောက်ဈေးနှုန်းများ မြင့်တက်မှုတွင် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အားသာချက်ရှိကြောင်း၊ မြန်မာအပါအဝင် အာဆီယံနိုင်ငံများအားလုံးသည် အဆိုပါတွေ့ကြုံနေရမှုများမှ ကျော်လွှားအောင်မြင်နိုင်မည်ဟုမျှော်လင့်ကြောင်း ပြန်လည်ဖြေကြားခဲ့။

ကိုဗစ်အလွန် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့်စပ်လျဉ်းသည့်မေးခွန်းကို **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-**

- မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ကုစားမှုအစီအမံထားရှိပြီး စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများထုတ်ပေးလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံနှင့် Economic Corridor Cooperation နှင့် ဆက်စပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်သည့်အတွက် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်ကြောင်း။
- တရုတ်-မြန်မာနှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများရှိကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အရည်အချင်းပြည့်ဝသည့် တရုတ်နိုင်ငံမှ အကူအညီများစွာရရှိမည်ဖြစ်ကြောင်း၊ မကြာမီ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းသွယ်တန်းမှုလုပ်ငန်းများ လုပ်ဆောင်တော့မည်ဖြစ်ကြောင်း။
- စိုက်ပျိုးရေးထွက်ကုန်များကို မြန်မာနိုင်ငံကတင်ပို့ပြီး တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းနေကြောင်း၊ မြန်မာက လုပ်သားအင်အားရှိပြီး တရုတ်နိုင်ငံက နည်းပညာနှင့် ငွေကြေးအရင်းအနှီးရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကျိုးကျေးဇူးများ ခံစားကြရမည်ဖြစ်သောကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း။
- မြန်မာနှင့် အာဆီယံနိုင်ငံများအပါအဝင် အနာဂတ်အာရှစီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် တရုတ်နိုင်ငံသည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ကြောင်း၊ အာဆီယံကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောတစ်ဖြစ်လဲ ပို့ကုန်အများစုကို တရုတ်နိုင်ငံက ဝယ်ယူနေခြင်းဖြစ်ကြောင်း ဖြေကြားခဲ့။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မည်သည့်အတွက်ကြောင့် ရင်းနှီးမြှုပ်နှံသင့်ကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို **ပြည်ထောင်စုဝန်ကြီးက-**

- နိုင်ငံတိုင်းတွင် ရေနံသဘာဝဓာတ်ငွေ့မရှိကြောင်း၊ နေရာနည်းနည်းတွင်သာ ရေနံသဘာဝဓာတ်ငွေ့ရှိကြောင်း၊ ယင်းအထဲတွင် မြန်မာနိုင်ငံပါဝင်ကြောင်း၊ မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်ရှိသည့် ရှားရှားပါးပါးနိုင်ငံများထဲက တစ်ခုဖြစ်ကြောင်း။
- မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတချို့သည် အမြဲတမ်းရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်နေသည့် နိုင်ငံများဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံများကို အေးဆေးလွယ်ကူစွာ သဘာဝဓာတ်ငွေ့ရောင်းချနိုင်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများ အမြဲတမ်းပြင်ဆင်ပြောင်းလဲလုပ်ကိုင်ပေးနေကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အကျိုးအမြတ်ရှိအောင် နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် အမြဲတမ်းပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပေးနေကြောင်း။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထဲ၌ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ပြောကြားလိုကြောင်းဖြေကြားခဲ့။

အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီးက-**

- ယင်းအရေးယူပိတ်ဆို့မှုများသည် အစိုးရအပေါ် သက်ရောက်မှုမရှိဘဲ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအပေါ် သာသက်ရောက်မှုရှိကြောင်း၊ အမေရိကန်ဒေါ်လာကို အလွယ်တကူသုံးစွဲမရခြင်း၊ ငွေလွှဲလုပ်မရခြင်း၊ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအခက်အခဲပေါ်ခြင်း၊ ယင်းအရေးယူပိတ်ဆို့မှုကြောင့် အချို့စက်ရုံများ ပိတ်သိမ်းသွားပြီး ထိုသို့ပိတ်သိမ်းခြင်းကြောင့် မြန်မာနိုင်ငံသားများ၏

အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်းများရှိကြောင်း၊ အစိုးရအတွက် ဘာမျှမဖြစ်ကြောင်း။

- ယင်းသို့ပိတ်ဆို့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာကြောင်း ဖြေကြားခဲ့။

ဆက်လက်၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးရန် စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ သိလိုကြောင်းမေးခွန်းကို **ပြည်ထောင်စုဝန်ကြီးက-**

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တင်ပြလာသည့်အဆိုပြုချက်များကို အမြန်ဆုံးခွင့်ပြုဆောင်ရွက်ပေးနေကြောင်း၊ တိုင်းပြည်အတွင်း လက်ရှိလုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့် ယခင်ထက် ပိုမိုလွယ်ကူစေရန် ကြိုးစားဆောင်ရွက်နေကြောင်း။
- အသစ်လာမည့် ရင်းနှီးမြှုပ်နှံမှုများအတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့်သွားရောက်ဆက်သွယ်လုပ်ကိုင်သည့်အခါ ပိုမိုမြန်ဆန်သွက်လက်အောင် (SoP)စံပြုလုပ်ထုံးလုပ်နည်းများ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပါက မြန်ဆန်ချောမွေ့သွားမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို သိရှိလိုသည်များ မေးမြန်းလိုသည့်အခါ ယခင်ကကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်စရာမလိုဘဲ အွန်လိုင်းကတစ်ဆင့် မေးမြန်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ဖြေကြားခဲ့။

မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့်ဆက်စပ်စီမံကိန်းများအပေါ် မည်သို့သက်ရောက်မှုရှိနိုင်သည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီးက-**

- တရုတ်-မြန်မာနယ်စပ်တွင် တချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် မငြိမ်မသက်မှုများ၊ ဖျက်လိုဖျက်ဆီးမှုများလုပ်သည့်ကိစ္စရပ်များရှိကြောင်း၊ ဥပမာအနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ရထားလမ်းစီမံကိန်းလုပ်ဆောင်မည်ဆိုပါက နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဖျက်လိုဖျက်ဆီးမလုပ်မှ စီမံကိန်းလုပ်ဆောင်မှုမြန်ဆန်သွက်လက်မှုရှိမည်ဖြစ်ကြောင်း။
- ဝင်ရောက်ဖျက်လိုဖျက်ဆီးလုပ်နေပါက စီမံကိန်းလုပ်ရသည့်အပိုင်းတွင် နှောင့်နှေးမှုများရှိနေမည်ဖြစ်ကြောင်း၊ တည်ငြိမ်သည့်ဒေသတွင် လုပ်ဆောင်ရသည့်စီမံကိန်းမှာ မည်သည့်အခက်အခဲမှမရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက်အရေးကြီးကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေကြောင်း ဖြေကြားခဲ့။

မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အနောက်နိုင်ငံများက မည်သို့လုပ်ဆောင်ခဲ့ပြီး ယင်းလုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအပေါ် မည်သည့်ဆိုးကျိုးများဖြစ်စေသည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-**

- မိမိအမြင်ကိုပြောရလျှင် မိမိတို့တိုင်းပြည်ကို အနောက်နိုင်ငံများ ဝင်ရောက်စွက်ဖက်ခြင်းသည် တရုတ်နိုင်ငံ၏ အင်အားကြီးထွားမှုနှင့်လွှမ်းမိုးမှုကို ၎င်းတို့က စိုးရိမ်မှုကြောင့်ဖြစ်ပြီး မိမိတို့တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် ဖန်တီးလာခြင်းဖြစ်သည်ဟုမြင်မိကြောင်း။
- မိမိတို့တိုင်းပြည်တွင် ၎င်းတို့ကြိုးကိုင်နိုင်သည့် အစိုးရ၊ လိုအပ်သလို ခြယ်လှယ်နိုင်သည့် အစိုးရတစ်ရပ်ပေါ်ထွက်လာအောင် နည်းမျိုးစုံဖြင့် ကြိုးစားနေခြင်းဖြစ်ကြောင်း၊ ယင်းအစိုးရမျိုး မြန်မာနိုင်ငံတွင် ဖြစ်လာလျှင် ပထဝီနိုင်ငံရေးအရ ဒေသတွင်းဟန်ချက်ကို ကစားနိုင်သည်ဟုယူဆပြီး မြန်မာနိုင်ငံအား မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်သည်ဟုမြင်ကြောင်း။
- လတ်တလောတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးမတည်မငြိမ်ဖြစ်သည့်အတွက်ကြောင့် ဆိုးကျိုးအနေဖြင့် ပတ်ဝန်းကျင်နိုင်ငံများတွင် စစ်ဘေးရှောင်များရောက်ရှိသွားခြင်းများရှိကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများတွင် အခက်အခဲဖြစ်ပေါ်ခြင်းများရှိကြောင်း။
- ဥပမာ ထိုင်း-မြန်မာနယ်စပ်တွင် နယ်မြေမငြိမ်မသက်မှုများဖြစ်နေသောကြောင့် အာရှလမ်းမကြီးကို အပြည့်အဝလုံခြုံစွာအသုံးမပြုနိုင်သည့်အတွက် ထိုင်း-မြန်မာ ပို့ကုန်/သွင်းကုန်များ ကုန်စည်စီးဆင်းမှုအခက်အခဲရှိလာပြီး အိမ်နီးချင်း ထိုင်းနိုင်ငံကိုပါ သက်ရောက်မှုရှိကြောင်းဖြေကြားခဲ့။
- ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းသည့်အခါ နိုင်ငံအားလုံး၏အားကိုလိုအပ်ပြီး အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏အားကို ပို၍လိုအပ်ကြောင်း။
- အနောက်နိုင်ငံများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြန်အလှန်ယုံကြည်မှုများနှင့် သွားလိုကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများအနေဖြင့်လည်း မိမိ

တို့နှင့်ပူးပေါင်းလိုကြသော်လည်း အနောက်နိုင်ငံများ၏ ဖိအားများကြောင့် ကန့်သတ်မှုများရှိနေကြောင်း။

- ထို့ကြောင့် ပြည်သူများနစ်နာပါကြောင်း၊ အမေရိကန်ကဲ့သို့ အင်အားကြီးသည့်နိုင်ငံအနေဖြင့် နိုင်ငံငယ်အပေါ် စစ်မှန်သောစေတနာဖြင့် ဒီမိုကရေစီနိုင်ငံတစ်ခုကို ရောက်စေလိုပါက အခြားနည်းလမ်းများဖြင့် လက်တွဲဆောင်ရွက်ရန် မျှော်လင့်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာ သွားလိုပြီး နိုင်ငံတကာကိုလည်း လေးစားကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အားလုံးအပေါ်တွင် လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၂)**

- **မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအချို့၏ ဖက်စပ်လုပ်ငန်းများမှ နုတ်ထွက်ခြင်းကြောင့် လက်ရှိတွင် သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသော်လည်း လူမှုကွန်ရက်မီဒီယာများတွင် ပျံ့နှံ့နေသည့် သီလဝါဆီသိုလှောင်ကန်စခန်းများအတွင်း စက်သုံးဆီများလက်ကျန်လျော့နည်းနေသည် ဆိုသည်မှာ ကောလာဟလသတင်းမှားသာဖြစ်။**
- **မြန်မာနိုင်ငံတွင် ရေမြေတောတောင်သဘာဝအရ ပြည့်ဖြိုးမြဲစွမ်းအင်များ ပေါများသည့်အတွက် ပြည်ပနည်းပညာအကူအညီများရယူ၍ ရေတို/ရေရှည်စီမံကိန်းများပြီးစီးပါက ပြည်တွင်းတွင် သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီပြတ်လပ်မှု အခက်အခဲများရှိလာတော့မည်မဟုတ်။**
- **Petronas စသည့် စွမ်းအင်ကုမ္ပဏီများ ပြန်လည်ထွက်ခွာသွားခြင်းနှင့်ပတ်သက်ပြီး ပြဿနာအကြီးအကျယ်မရှိဘဲ စာချုပ်ပါစည်းမျဉ်းများအရ ကျန်သည့်အစုရှယ်ယာရှင်များက နေရာဝင်ယူ၍ လုပ်ငန်းများဆက်လက်လည်ပတ်သွားမည်ဖြစ်သောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများ ဆက်လက်တည်ရှိနေမည်ဖြစ်။**
- **မြန်မာနိုင်ငံမှထွက်သွားသည့် ရေနံကုမ္ပဏီများနှင့်ပတ်သက်၍ လူ့အခွင့်အရေးသည် အကြောင်းပြချက်သာဖြစ်ပြီး အကျိုးအမြတ်ကျတော့မည်၊ ကန်ထရိုက်သက်တမ်းကုန်တော့မည်ဖြစ်သည့်အတွက် ထွက်သွားခြင်းသာဖြစ်။**
- **မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုလားသည့်အတွက် ရင်းနှီးမြှုပ်နှံကြသည့်လုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိစေလိုသောကြောင့် MIC ခွင့်ပြုချက်ရရှိထားသည့် လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံကြသည့်လုပ်ငန်းများ ကင်းလွတ်ခွင့်ရရှိကြမည်ဖြစ်။**
- **LNG ဓာတ်ငွေ့ဈေးနှုန်းမြင့်မားခြင်းသည် အကြောင်းရင်းများမှာ အချို့သော LNG စက်ရုံများ ရပ်ဆိုင်းထားရခြင်းနှင့် ဓာတ်အားတိုင်ကြီးများ ဖြိုလှဲခံရခြင်းကြောင့်ဖြစ်။**
- **မြန်မာနိုင်ငံတွင်လူဦးရေ သန်း ၆၀ ခန့်ရှိပြီး ရန်ကုန်မြို့တွင် ၆ သန်းကျော်ရှိ၍ အခြားမြို့များနှင့် ခွဲဝေပြီး အလှည့်ကျပေးရသည့်အတွက် မီးပြတ်ခြင်းဖြစ်သလို PDF များက ရေအားလျှပ်စစ်စက်ရုံများကို ဖျက်ဆီးမှုများကြောင့်လည်းဖြစ်သဖြင့် ယင်းတို့ကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ။**

- လက်ရှိထုတ်လုပ်နေသည့် နိုင်ငံတော်၏ဓာတ်အားလိုအပ်ချက်များတွင် အလယ်ပေါင်းလောင်း ၁၅၂ မဂ္ဂါဝပ်၊ အထက်ရဲရွာမှ ၂၈၀ မဂ္ဂါဝပ်၊ သူ့ငွေးရေအားလျှပ်စစ်မှ ၁၁၁ မဂ္ဂါဝပ်၊ အထက်ကျိုင်းတောင်းမှ ၅၁ မဂ္ဂါဝပ်၊ နပင်မှ ၆ မဂ္ဂါဝပ်စသည့် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်နေသကဲ့သို့ လက်ရှိ ရှိပြီး စီမံကိန်းများကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိ။
- ခရီးသွားလုပ်ငန်းသည် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရရှိပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်း ဖြစ်သည့်အပြင် အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်။
- တိုင်းပြည်၏ စီးပွားရေးနာလန်ထူလာရေးအတွက် လိုအပ်သည့်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ပတ်သက်သည့်လုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အရေးအကြီးဆုံးရင်းနှီးမြှုပ်နှံမှုလုပ်သည့်နိုင်ငံဖြစ်ပြီး တိုင်းပြည်၏ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားလုံး၏ ၂၇ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံကဖြစ်။
- မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှဆိုးကျိုးသက်ရောက်မှုများ နည်းပါးစေရေးအတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းထားပြီး ယင်းကော်မတီက နိုင်ငံခြားသုံးငွေနှင့်ပတ်သက်၍ ဆိုးကျိုးများလျော့နည်းသွားကာ စီးပွားရေးကဏ္ဍအဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိ။
- ရွေးကောက်ပွဲနှင့်ပတ်သက်၍ လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန်အတွက် တစ်ကမ္ဘာလုံးကိုကြေညာပြီး စီမံဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်သင့်လျော်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် သွားမည့်လမ်းကြောင်းကို သက်ဆိုင်ရာပါတီများနှင့်တွေ့ဆုံပြီး ရေးဆွဲစီမံလျက်ရှိ။
- မိမိတို့နိုင်ငံအနေဖြင့် အတတ်နိုင်ဆုံး ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးဆောင်ရွက်သည့်အခါ ပြည်ပကနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် နားလည်မှုယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်စေလို။
- လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍လည်း ရေရှည်လုပ်ရမည့် ရေအားလျှပ်စစ်စီမံကိန်းများထက် ရေတိုဆောင်ရွက်နိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးများနှင့်ဆက်စပ်၍ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကို အတတ်နိုင်ဆုံးပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိ။
- အစိုးရအနေဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့အတွက် ရေအားလျှပ်စစ်အပြင် ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်အစရှိသည်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် ၃၀ မဂ္ဂါဝပ်ထက်မပိုသည့် စီမံကိန်းများကို ဗဟိုအစိုးရထံ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ခွင့်ပြုပေးနိုင်။

- မီးလင်းချိုင်စီမံကိန်းသည် မိမိတို့တိုင်းပြည်အတွက် လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယင်းစီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပြင် မီးလင်းချိုင်မှ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအထိ ဓာတ်အားဖြန့်ဖြူးပေးမည့် မဂ္ဂါဝပ် ၅၀၀ Transmission လိုင်းဆွဲပေးရန်ရှိ။
- မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းလွတ်စပြုလာပြီဖြစ်သော်လည်း အကြမ်းဖက်သမားများ၏အဖျက်အမှောင့်လုပ်ရပ်များကို အပိုဆောင်းရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ရုရှား-ယူကရိန်းဖြစ်ရပ်မှ တိုက်ရိုက်ရိုက်ခတ်မှုမရှိသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုသည် သွယ်ဝိုက်ရိုက်ခတ်မှုဖြစ်။
- မြန်မာနှင့် အာဆီယံနိုင်ငံများအပါအဝင် အနာဂတ်အာရှစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် တရုတ်နိုင်ငံသည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်။
- မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတချို့သည် အမြဲတမ်းရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်နေသည့် နိုင်ငံများဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံများကို အေးဆေးလွယ်ကူစွာ သဘာဝဓာတ်ငွေ့ရောင်းချနိုင်။
- မိမိတို့တိုင်းပြည်ကို အနောက်နိုင်ငံများ ဝင်ရောက်စွက်ဖက်ခြင်းသည် တရုတ်နိုင်ငံ၏ အင်အားကြီးထွားမှုနှင့် လွှမ်းမိုးမှုကို ၎င်းတို့က စိုးရိမ်မှုကြောင့်ဖြစ်ပြီး မိမိတို့တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် ဖန်တီးလာခြင်းဖြစ်။
- ပတ်ဝန်းကျင်နိုင်ငံများအနေဖြင့်လည်း မိမိတို့နှင့်ပူးပေါင်းလိုကြသော်လည်း အနောက်နိုင်ငံများ၏ ဖိအားများကြောင့် ကန့်သတ်မှုများရှိနေ။
- မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာသွားလိုပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အားလုံးအပေါ်တွင် လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိ။

## လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် နိုင်ငံခြားရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ ထွက်ခွာမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်မှ ကောက်နုတ်ချက်များ

စီးပွားရေးပိတ်ဆို့အရေးယူမှုများရှိနေသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန် ရှာဖွေဆောင်ရွက်နေစဉ်၌ မြန်မာနိုင်ငံအစိုးရအနေဖြင့် အကြမ်းဖက်သမားများကြောင့် ပျက်စီးသွားသောဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နေပြီး ဟိုက်ဒရိုကာဗွန်နှင့် ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဧပြီလ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် တစ်ကမ္ဘာလုံး၌ သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်းများမြင့်တက်လာခြင်း၊ ငွေကြေးပြတ်တောက်မှုကြား၌ မြန်မာကျပ်ငွေအားနည်းခြင်းနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတွင်း၌ လျှပ်စစ်ဓာတ်အားယာယီပြတ်တောက်မှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ကတည်းက ဓာတ်အားခပေးချေမှုများကို သပိတ်မှောက်ရန် လှုံ့ဆော်ခြင်းအပြင် PDF အမည်ခံအကြမ်းဖက်သမားများသည် ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားလိုင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။ အဆိုပါလုပ်ရပ်များသည် အထူးသဖြင့် ပြည်တွင်းရှိ သာမန်ပြည်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲဖြစ်စေခဲ့ပါသည်။

ထိုကဲ့သို့ ပြည်တွင်းမငြိမ်သက်မှုများရှိနေသော်လည်း ၂၀၂၁ ခုနှစ်၊ နှစ်ဝက်မှစတင်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုတော်တော်များများရရှိခဲ့သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်မှုဖြင့် နိုင်ငံ၏စွမ်းအင်အခြေအနေလျော့ပါးသက်သာစေရန် အမျိုးမျိုးသောလုပ်ရပ်များကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဈေးနှုန်းများ တည်ငြိမ်မှုနှင့်အတူ အစိုးရသည် ပြည်တွင်းဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို တိုးမြှင့်သုံးစွဲရန် ကြိုးပမ်းလျက်ရှိပြီး အကြမ်းဖက်သမားများကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လျှပ်စစ်ဓာတ်အားအခြေခံအဆောက်အအုံများကို အစိုးရကပြုပြင်ပြီးနောက် လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိစက်ရုံများကို ပြောင်းလဲအသုံးပြုခြင်းကဲ့သို့သောရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များမှတစ်ဆင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရင်းမြစ်များမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရုတ်ကုမ္ပဏီသုံးခုဖြစ်သည့် Union Resources and Engineering Company၊ Yunnan Energy Investment နှင့် Zhefu Holding Group တို့သည် Myanmar's Supreme Group နှင့်ပူးပေါင်းပြီး ၁,၃၉၀ မဂ္ဂါဝပ် LNG ထုတ်ပေးသည့် မီးလင်းချိုင်စီမံကိန်းကို အကောင်အထည်ဖော်ရန် စတင်ခဲ့ပါသည်။ အဆိုပါစီမံကိန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးပြီး ၂၀၂၇ ခုနှစ်တွင် စီးပွားဖြစ်လုပ်ငန်းစတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ရပါသည်။ ရေပေါ်နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းများ၊ ခေါင်မိုးပေါ်ရှိ ဆိုလာစီမံကိန်းများနှင့် အသေးစားနှင့်အလတ်စားစီမံကိန်းများကိုလည်း မြှင့်တင်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရေအားလျှပ်စစ်ဆည်ပေါင်း ၆၀ ကျော်နှင့်အတူ ရေအားလျှပ်စစ်သည် နိုင်ငံတစ်ဝန်းလျှပ်စစ်စွမ်းအင်၏ အဓိကအရင်းအမြစ်ဖြစ်ရာ အစိုးရအနေဖြင့် မကြာမီတွင် တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ခန့်ဝယ်ယူရန် ညှိနှိုင်းလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်နေပြီး ရေအားနှင့်ဆိုလာစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၉ ရာခိုင်နှုန်းထုတ်လုပ်ရန် စီစဉ်ထားသည်။

ပြင်သစ်နိုင်ငံမှ Total Energies ကုမ္ပဏီ၏ ရတနာလုပ်ကွက်နှင့် ဆက်စပ်ဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးစီမံကိန်းတို့မှနုတ်ထွက်ခြင်းသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စု Chevron ကော်ပိုရေးရှင်း၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Unocal Myanmar Offshore Co., Ltd. သည် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနုတ်ထွက်မည်ဟု ပြောကြားခဲ့သော်လည်း ယနေ့အထိ အစိုးရအနေဖြင့် ကုမ္ပဏီထံမှ တရားဝင်အကြောင်းကြားစာမရရှိသေးကြောင်း ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့ပါသည်။

တတိယမြောက် နိုင်ငံခြားစွမ်းအင်ကုမ္ပဏီဖြစ်သည့် ဩစတြေးလျနိုင်ငံမှ Woodside Petroleum Ltd သည် ရခိုင်ပြည်နယ်ရှိ A6 သဘာဝဓာတ်ငွေ့စီမံကိန်းမှ မကြာသေးမီကနုတ်ထွက်ခဲ့ပါသည်။ ၎င်း၏ရှယ်ယာများကို ၎င်း၏စီမံကိန်းလုပ်ဖော်ကိုင်ဖက် MPRL E&P Group of Companies မှ လွှဲ

ပြောင်းရယူခဲ့သော်လည်း လုပ်ငန်းပိုင်းဆောင်ရွက်မှုများ ထိခိုက်မှု မရှိကြောင်းတွေ့ရှိရပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအများစုမှာ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်းနှင့် တောင်ကိုရီးယားတို့ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းရှိ စီမံကိန်း ၁၅ ခုမှာ တရုတ်နိုင်ငံမှဖြစ်ပြီး စီမံကိန်း ၁၄ ခုမှာ စင်ကာပူနိုင်ငံမှဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံမှ စီမံကိန်း ၁၈ ခု နှင့် ဟောင်ကောင်မှ စီမံကိန်း ၆ ခုရှိကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂ နှစ်အတွင်း ကဏ္ဍ ၁၂ ခုတွင် ပြည်တွင်းစီမံကိန်း ၉၃ ခု၊ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၆၁ ခုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ၃၂ ခု)၊ တန်ဖိုးငွေကျပ် ၂,၂၄၈.၇ ဘီလီယံ၊ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁,၁၇၁.၈ ဘီလီယံ၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁,၀၇၆.၉ ဘီလီယံ)အသီးသီးရှိကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၂)**

- **ရုရှား-ယူကရိန်းပဋိပက္ခကြောင့် တစ်ကမ္ဘာလုံး၌ သဘာဝဓာတ်ငွေ့ရည်စျေးနှုန်းများမြင့်တက်လာခြင်း၊ ငွေကြေးပြတ်တောက်မှုကြား၌ မြန်မာကျပ်ငွေအားနည်းခြင်းနှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ဆက်စပ်နေသည့်အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံအတွင်း၌ လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မှုများဖြစ်ပွားရခြင်းဖြစ်။**
- **ကမ္ဘာလုံးဆိုင်ရာစွမ်းအင်စျေးနှုန်းများ တည်ငြိမ်မှုနှင့်အတူ အစိုးရသည် ပြည်တွင်းဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို တိုးမြှင့်သုံးစွဲရန် ကြိုးပမ်းလျက်ရှိ။**
- **အကြမ်းဖက်သမားများကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လျှပ်စစ်ဓာတ်အားအခြေခံအဆောက်အအုံများကို အစိုးရကပြုပြင်ပြီးနောက် လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်။**
- **လက်ရှိစက်ရုံများကို ပြောင်းလဲအသုံးပြုခြင်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များမှတစ်ဆင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရင်းမြစ်များမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်။**
- **ရေပေါ်နေရောင်ခြည်စွမ်းအင် သုံးစီမံကိန်းများ၊ ခေါင်မိုးပေါ်ရှိ ဆိုလာစီမံကိန်းများနှင့် အသေးစားနှင့် အလတ်စားစီမံကိန်းများကိုလည်း မြှင့်တင်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိ။**
- **မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရန်စီစဉ်နေပြီး ရေအားနှင့် ဆိုလာစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၉ ရာခိုင်နှုန်းထုတ်လုပ်ရန် စီစဉ်ထား။**